သံဖြူဇရပ်မြို့နှင့် ရေးမြို့အကြားတွင် ဂိတ်အသစ်များ ထူထပ်စွာ ဖွင့်တော့မည်

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
မေလ ၂၉ ရက်၊ ၂၀၀၃ ခုနှစ်

ယခု မွန်ပြည်နယ် သံဖြူဇရပ်မြို့နှင့် ရေးမြို့ အကြားရှိ ကားလမ်းတလျှောက်တွင် နအဖစစ်အစိုးရတို့မှ ဂိတ်အသစ်များကို ထူထပ်စွာ ဖွင့်နေကြောင်း သိရှိရပါသည်။

ခရီးသွားလာသူများကို စစ်ဆေးရန်အတွက်နှင့် ဒေသလုံခြုံရေးအတွက် အစိုးရမှ ဂိတ်အသစ် (၁၁) ဂိတ်ကို ဤမြို့နှစ်မြို့ကြားရှိ ကားလမ်းတလျှောက်တွင် ဖွင့်ခဲ့ပါသည်။

အရှည် (၅၇) မိုင် ကွာဝေးသော ကားလမ်းတလျှောက်တွင် အသစ်ဖွင့်နေသည့် ဂိတ်အတွက် အစိုးရမှ စစ်သားများနှင့် ရဲများကို တာဝန်ပေးထားကြောင်း သိရပါသည်။

စစ်တပ်၊ ရဲများနှင့် နီးစပ်သူတစ်ဦး၏ ပြောပြချက်အရ အသစ်ဖွင့်ထားသည့်ဂိတ်တွင် တာဝန်ယူရသည့် စစ်သားနှင့် ရဲများက ဒေသလုံခြုံရေး၊ ကားလမ်းလုံခြုံရေးနှင့် ၎င်းကားလမ်းတလျှောက်နှင့်အပြိုင် သွယ်တန်းထားသော ဂက်စ်ပိုက်လိုင်း လုံခြုံရေးကို တာဝန်ယူရပါသည်။

ထိုသူ၏ ပြောပြချက်အရ ၎င်းဂိတ်အသစ်များမှ စစ်သားများနှင့် ရဲများသည် သူတို့လုံခြုံရေးတာဝန် ယူထားသည့် ဧရိယာတစိုက်တွင် ဂက်စ်ပိုက်လိုင်း ဖောက်ခွဲခြင်းခံရပါက သူတို့ ထောင်ဒဏ် ၃ နှစ် အချခံရမည်ဖြစ်ပါသည်။

ယခု ဂိတ်အသစ်များ ဖွင့်နေသည့်ဒေသနှင့် ကားလမ်းတလျှောက်တွင် ခေတ်မီ လက်နက်ကိုင်ခါးပြများ ပေါ်နေပြီး၊ ၎င်းဒေသကို ဖြတ်သန်း သွယ်တန်းထားသော ဂက်စ်ပိုက်လိုင်းလည်း မကြာခဏ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါသည်။

ယခု ဖွင့်နေသောဂိတ်အသစ်များ၌ တာဝန်ယူနေသော စစ်သားများနှင် ရဲများ အသုံးစရိတ်အတွက် ၎င်းလမ်းတွင် ပြေးဆွဲနေသော လိုင်းကားအသင်းများထံမှ ငွေကောက်ယူသွားမည်ဖြစ်ကြောင်း သိရပါသည်။

ငွေကောက်ယူရာမှာ လိုင်းကားအသင်းတစ်သင်းထဲတွင် ယာဉ်အရေအတွက်ရှိသည့်အပေါ် မူတည်သတ်မှတ်ပြီး လစဉ်ငွေ ကောက်ယူသွားမည်ဟု သိရှိရပါသည်။

လွတ်လပ်သော မွန်သတင်းအေဂျင်စီမှ ၎င်းလမ်းထဲတွင်ပြေးဆွဲနေသော လိုင်းကားနှစ်ခုကို မေးမြန်းခဲ့ရာ၌ ရာမညလိုင်းကားအသင်းက တစ်လလျှင် ၅၀၀၀ ကျပ်ပေးနေရပြီး၊ သန်မြန်သူ လိုင်းကားအသင်းက ၂၀၀၀၀ ကျပ် ပေးဆောင်နေရပါသည်။

ကျန်သည့်လိုင်းကားများ ဂိတ်သစ်များအတွက် မည်မျှပေးဆောင်ရမည်ကို မသိရသေးပေ။

လိုင်းကားများသည် ဂိတ်သစ်အပြင် ဖွင့်လှစ်ထားပြီးသား ဂိတ်များအတွက်ကိုလည်း ပေးဆောင်နေရပြီး၊ ပြေးဆွဲရာတွင်လည်း ၎င်းဂိတ်များကို ငွေထပ်မံပေးနေရပြီး အစစ်အဆေးလည်း ခံနေရပါသည်။

ယခုမွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့အဝင် စုပေါင်းဂိတ်များသည် ခရီးသည်များနှင့် ယာဉ်များကို အတင်းအကြပ် စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရပါသည်။